JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၁၉ ရက် | မြန်မာ

# Heineken, Carlsberg နှင့် ThaiBev တို့က အခွန်ငွေများဖြင့် မြန်မာစစ်အုပ်စုကို ငွေကြေးထောက်ပံ့နေ

ယမကာလုပ်ငန်းစုကြီးတွေဖြစ်ကြတဲ့ Heineken, Carlsberg နဲ့ ThaiBev တို့ဟာ မြန်မာစစ်အုပ်စုကို အခွန်ငွေ ဒေါ်လာ သန်းပေါင်းများစွာ ပေးနေတဲ့အကြောင်း Justice For Myanmar က Distributed Denial of Secrets က ထုတ်ပြန်ထားတဲ့ အခွန်စာရင်းတွေကို စုံစမ်းစစ်ဆေးပြီး ထုတ်ဖော်ခဲ့ပါတယ်။

ဒီနိုင်ငံခြားကုမ္ပဏီတွေဟာ ကွယ်လွန်သွားပြီဖြစ်တဲ့ ခရိုနီကြီး သိန်းထွန်း၏ မိသားစုနဲ့ စီးပွားမိတ်ဖက်ဆောင်ရွက်တာဖြစ်ပြီး၊ သိန်းထွန်းဟာ သားဖြစ်သူ သန့်ဇင်ထွန်းနှင့်အတူ Myanmar Golden Star Group ကို ထိန်းချုပ်ထားသူ ဖြစ်ပါတယ်။ Myanmar Golden Star Group ဟာ Carlsberg နှင့်အတူ ဘီယာ ထုတ်လုပ်ပြီး၊ LOTTE Corporation ၏ လက်ခွဲကုမ္ပဏီတစ်ခုနှင့် အချိုရည်များ ထုတ်လုပ်ပါတယ်။

သိန်းထွန်းရဲ့သမီးဖြစ်သူ မာမာထွန်းနှင့် သားမက် အောင်မိုးကျော်တို့ဟာ Heineken နှင့် Thai Beverage (ThaiBev) တို့ရဲ့မြန်မာနိုင်ငံ မိတ်ဖက်တွေ ဖြစ်ကြပါတယ်။ ThaiBev သည် Grand Royal Group ကို ထိန်းချုပ်ထားပါတယ်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ရရှိထားတဲ့အခွန်စာရင်းတွေကို လေ့လာဆန်းစစ်ရာမှာ Heineken၊ Carlsberg နှင့် ThaiBev တို့ရဲ့ ကုမ္ပဏီခွဲတွေဟာ အထူးကုန်စည်ခွန် (SGT) တစ်ခုတည်းအတွက် ကျပ် ၄၉.၉ ဘီလီယံကို စစ်အုပ်စုအတွက် ပေးချေခဲ့ကြောင်း တွေ့ရပါတယ်။ ဒီပမာဏဟာ စစ်အုပ်စုရဲ့ ထိန်းချုပ်မှုအောက် တရားမဝင် ရောက်ရှိနေတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ပျှမ်းမျှငွေလဲနှုန်းအရ အမေရိကန်ဒေါ်လာ ၂၇.၆ သန်းနှင့် ညီမျှပါတယ်။

SGT ဟာ အရက်နှင့် ဘီယာအကြုံးဝင်တဲ့ အခြားထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်းအပေါ် ၆၀ ရာခိုင်နှုန်း အထိ ကောက်ခံသည့် အခွန်ဖြစ်ပြီး၊ ရောင်းချတဲ့ ဈေးနှုန်းပေါ်မူတည်ပြီး အရက်အမျိုးအစားများအလိုက် အခွန် ပမာဏ အနည်းငယ် ကွာခြားပါတယ်။

ThaiBev၊ Heineken နှင့် Carlsberg ကုမ္ပဏီတို့ဟာ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်တွေကိုလည်း စစ်အုပ်စုဆီကို ပေးသွင်းခဲ့ကြပြီး၊ အထက်ပါကာလအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ သန်းနှင့် ညီမျှသော ကျပ်ငွေ ၁၂.၆ ဘီယံယံကို ပေးသွင်းခဲ့ပါတယ်။

တစ်နှစ်လုံးစာ တွက်ချက်ရင် မြန်မာနိုင်ငံရှိ ThaiBev၊ Heineken နှင့် Carlsberg ကုမ္ပဏီတွေဟာ အခွန်အဖြစ် အမေရိကန်ဒေါ်လာ ၁၅၅ မီလီယံ သို့မဟုတ် ကျပ်ငွေ ၂၅၀ မီလီယံပမာဏကို စစ်အုပ်စုကို ပေးသွင်နေတာဖြစ်ပြီး၊ စစ်အုပ်စုရဲ့နိုင်ငံတကာရာဇဝတ်မှုတွေကို ငွေကြေးထောက်ပံ့နေတာ ဖြစ်ပါတယ်။

အထူးကုန်စည်ခွန်မှာ အကြုံးမဝင်တဲ့ LOTTE ဟာ အခွန်ငွေပမာဏ အနည်းငယ်ကိုသာ ပေးသွင်းရတာဖြစ်ပေမယ့် သူ့ရဲ့ဟိုတယ်လုပ်ငန်းကုမ္ပဏီခွဲက ရင်းနှီးမြှုပ်နှံတဲ့ POSCO International နှင့် ဆောင်ရွက်တဲ့ ဟိုတယ်ဖွံ့ဖြိုးရေး လုပ်ငန်းမှာ မြန်မာစစ်တပ်ကို မြေငှားရမ်းခ ပေးချေမှုတွေအတွက် LOTTE မှာ တာဝန်ရှိပါတယ်။

စစ်အုပ်စုက မြန်မာပြည်သူများအပေါ် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲပြီး၊ အရပ်ဘက် စစ်ဘက် ပစ်မှတ်ခွဲ ခြားခြင်းမရှိဘဲ တရားလက်လွတ်လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ဆောင်ဖို့ သူရဲ့ လေတပ်ကို အကြီးအကျယ် မီခို နေရချိန်မှာ ဒီကော်ပိုရေးရှင်းတွေရဲ့ ငွေပေးချေမှုတွေက စစ်အုပ်စုအတွက် ကူညီပေးနေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီလ ၁၁ ရက်နေ့မှာ စစ်အုပ်စုက စစ်ကိုင်းတိုင်း၊ ပဇီကြီးကျေးရွာရှိ အခန်းအနားတစ်ခုမှာ စုဝေးနေကြတဲ့ အရပ်သားပြည်သူတွေကို ရည်ရွယ်ချက်ရှိရှိ တရားလက်လွတ်လေကြောင်းတိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်ခဲ့ပြီး၊ အနည်းဆုံး အရပ်သားပြည်သူပေါင်း ၁၆၈ ဦး သေဆုံးခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုဟာ ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီက မြန်မာစစ်တပ်ကို လေကြောင်းတိုက်ခိုက်မှုအားလုံးကို ချက်ချင်းရပ်တန့်ဖို့ တောင်းဆိုတဲ့ ပြဋ္ဌာန်းချက် တစ်ရပ်ကို အတည်ပြုခဲ့ပြီးနောက် ရက်သတ္တပတ်အကြာမှာ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်က တေးဂီတဖျော်ဖြေပွဲတစ်ခုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက လေကြောင်းတိုက်ခိုက်မှုတစ်ခု မှာလည်း အရပ်သားပြည်သူပေါင်း ၈၀ ကျော် သေဆုံးခဲ့ကြပါတယ်။ ယမကာလုပ်ငန်းကြီးတွေရဲ့ များပြားလှတဲ့ အခွန်ငွေတွေက စစ်အုပ်စုကို စစ်လက်နက်တွေ၊ လေယာဉ်ဆီနဲ့ စက်ပစ္စည်းတွေ ဝယ်ယူဖို့၊ စစ်သားတွေကို လစာတွေ ပေးဖို့ ကူညီပေးပြီး၊ ကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ပံ့ပိုး ကူညီနေကြတာ ဖြစ်ပါတယ်။

ThaiBev၊ Heineken၊ Carlsberg နှင့် LOTTE တို့အနေနဲ့ အမျိုးသားညီညွတ်ရေးအစိုးရရဲ့ လမ်းညွှန်ချက်တွေနဲ့ သူတို့ ရဲ့ လူ့အခွင့်အရေးတာဝန်ဝတ္တရားတွေကို လိုက်နာဖို့၊ စစ်အုပ်စုဆီ ငွေပေးချေမှုတွေကို ရပ်တန့်ဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က “Heineken၊ Carlsberg နဲ့ ThaiBev တို့က မြန်မာ ပြည်သူတွေအပေါ် စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို အရေးယူအပြစ်ပေး ခံရခြင်း အလျဉ်းမရှိဘဲ ကျူးလွန်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်း မြန်မာစစ်အုပ်စုထံ အမေရိကန်ဒေါ်လာ သန်းပေါင်း များစွာနဲ့ ညီမျှတဲ့ နှစ်စဉ်အခွန်ငွေတွေ ပေးသွင်းလျက် ရှိပါတယ်။

တရားမဝင်စစ်အုပ်စုက ၎င်းတို့ရဲ့ လူသတ်၊ လုယက်ဖျက်ဆီး စစ်ဆင်ရေးကို အသက်ဆက်နိုင်ဖို့ အခွန်ဝင်ငွေကို အသဲအသန် လိုအပ်နေပြီး၊ ယမကာလုပ်ငန်းကြီးတွေဆီက ဒီအခွန်ငွေတွေက ပြည်သူတွေကို တိုက်ခိုက်ရာမှာ လိုအပ်တဲ့ ဗုံးတွေ၊ ကျည်ဆံတွေနဲ့ လေယာဉ်ဆီတွေအတွက် ငွေကြေးကူညီပေးနေတာ ဖြစ်ပါတယ်။

ဘီယာနှင့် အရက်သေစာအမျိုးမျိုးအတွက် အထူးကုန်စည်ခွန်တစ်ရပ် ရှိတာကြောင့် မြန်မာနိုင်ငံရှိ Heineken၊ Carlsberg နဲ့ ThaiBev တို့ရဲ့ အခွန်ငွေ အမြောက်အများကို စစ်အုပ်စုက ရရှိနေပါတယ်။

ဒီငွေတွေက မြန်မာပြည်သူတွေ ပိုင်ဆိုင်တဲ့ ဘဏ္ဍာငွေတွေ ဖြစ်ပြီး၊ တရားဝင်အစိုးရဖြစ်တဲ့ အမျိုးသားညီညွတ်ရေး အစိုးရကို ပေးချေသင့်ပါတယ်။ အဲ့ဒီအစား Heineken၊ Carlsberg၊ ThaiBev နဲ့ LOTTE တို့က အမျိုးသားညီညွတ်ရေး အစိုးရရဲ့ ညွှန်ကြားချက်များကို လျစ်လျူရှုလျက်ရှိပြီး၊ တရားမဝင်စစ်အုပ်စုအတွက် ဘဏ္ဍာရေးဖြည့်တင်းပေးကာ စစ်အုပ်စုရဲ့ နိုင်ငံတရာရာဇဝတ်မှုတွေမှာ ၎င်းတို့ကိုယ်တိုင် ကြံရာပါပတ်သတ်စေရုံတင်မက ဒီမိုကရေစီကိုလည်း ယုတ်လျော့ပျက်စီးစေပါတယ်။

အဲ့ဒီကုမ္ပဏီတွေအနေနဲ့ မြန်မာစစ်တပ်နဲ့ နက်ရှိုင်းတဲ့ဆက်နွှယ်မှုရှိတဲ့ သိန်းထွန်း မိသားစုနဲ့ မိတ်ဖက်ဆောင်ရွက်တာက လည်း စိုးရိမ်စရာ ဖြစ်ပြီး၊ Heineken၊ Carlsberg၊ ThaiBev နဲ့ LOTTE တို့ရဲ့ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုကနဦးစိစစ်မှုတွေ လုပ်ဆောင်ဖို့ ပျက်ကွက်မှုသမိုင်းကြောင်းတွေရဲ့ အထောက်အထားပဲ ဖြစ်ပါတယ်။

Heineken၊ Carlsberg၊ ThaiBev နဲ့ LOTTE တို့အနေနဲ့ OECD လမ်းညွှန်ချက်တွေနဲ့ ကုလသမဂ္ဂလမ်းညွှန်းအခြေခံမူ တွေအရ ၎င်းတို့ရဲ့ နိုင်ငံတကာတာဝန်ဝတ္တရားတွေကို လိုက်နာဖြည့်ဆည်းဖို့၊ အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ စစ်အုပ်စုထံ များပြားလှတဲ့ ငွေပေးချေမှုတွေကို ရပ်တန့်ဖို့ တောင်းဆိုပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

ကျွန်ုပ်တို့၏ သတင်းဆောင်းပါး "Heineken၊ Carlsberg နှင့် ThaiBev တို့က မြန်မာစစ်အုပ်စုထံ အခွန်ငွေ ဒေါ်လာ သန်းပေါင်းများစွာ ပေးအပ်" ကို ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး၊ စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။